ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
**U.N.L.D (L.A)**
**UNITED NATIONALITIES LEAGUE FOR DEMOCRACY**
**(LIBERATED AREAS)**

P.O. Box - 49, Chiang Mai University P. O, Chiang Mai 50202, THAILAND
Tel: & Fax: +66- 053- 216 044, +66- (0) 1 324 8040, E-mail: uncleeld@loxinfo.co.th

နေ့စွဲ။ ။၂၀၀၇ ခုနှစ်၊ ဧပြီလ (၁၃) ရက်။

# နအဖ၏ စစ်ဆင်ရေးနှင့် ပတ်သက်၍ ထုတ်ပြန်ကြေငြာချက်

နအဖစစ်အုပ်စုသည် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး မပြိုကွဲရေးဟု ကြွေးကြော်သော်လည်း မဟာလူမျိုးကြီးဝါဒကို ကိုင်စွဲ၍ တိုင်းရင်းသားလူမျိုးစုများ အမျိုးဖြုတ်ရေးဗျူဟာဖြစ်သော

၁) တိုင်းရင်းသားများစာပေ၊ ယဉ်ကျေးမှု များကို ဖျက်ဆီးခြင်း၊ ပိတ်ပင်ခြင်း၊
၂) အချက်အချာကျသောတိုင်းရင်းသားနယ်မြေများ သိမ်းယူခြင်း၊
၃) ဗမာစာပေ၊ ယဉ်ကျေးမှုကိုသာ အတင်းသွတ်သွင်းခြင်း၊
၄) အတင်းသွေးရောစနစ် ကျင့်သုံးခြင်းစသည့်ဗျူဟာလုပ်ငန်းများကို ချမှတ်ပြီး

တိုင်းရင်းသားများ၏ မြို့ပြများကိုသိမ်းယူကာ ကျေးလက်တောရွာများကို မြေလှန်စနစ်လုပ်ငန်းဖြစ်သော ရွှေ၊ ငွေ ဥစ္စာပစ္စည်းများ လုယူခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ မုဒိန်းကျင့်ခြင်း၊ ဖမ်းဆီးချုပ်နှောင်နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း စသည့် မျိုးဖြုတ်ရေးလုပ်ငန်း များကို နေ့စဉ်နှင့် အမျှလက်တွေ့လုပ်ဆောင် လျှက်ရှိ ကြောင်း သတိချပ်အပ်ပေသည်။

ထို့အပြင် နအဖစစ်အုပ်စုသည် လူမျိုးတမျိုးနှင့်တမျိုး၊ ဘာသာတခုနှင့်တခု၊ အဖွဲ့အစည်း တဖွဲ့နှင့် တဖွဲ့အပြင်၊ လူမျိုးတမျိုးတည်းအတွင်း၊ ဘာသာရေးတခုတည်းအတွင်း၊ အဖွဲ့အစည်း တခုတည်းအတွင်း နည်းမျိုးစုံဖြင့် သပ်သျှိုဖြိုခွဲလျက်ရှိပေသည်။ ဥပမာ– ကချင်အမျိုးသားများအတွင်း တဖွဲ့နှင့်တဖွဲ့ ၊ ကရင်အမျိုးသားအစည်းအရုံး **(KNU)** အတွင်း **DKBA**၊ သူးမူပဲအစု၊ မန်းအောင်ဆန်းအစု၊ ဗိုလ်ထိန်မောင်အစု၊ ရလလဖအတွင်း တာကလယ်အစုနှင့် ချစ်မောင်အစု၊ (၈)လေးလုံး ကျောင်းသားများ အတွင်း မပြောပလောက်သည့် အေးလွင်အစု၊ **NLD** အတွင်းဝံသာနုအစု စသည့် အစုအဖွဲ့များပေါ်ပေါက်ခြင်းသည် စစ်အုပ်စုက အရုက်မရှိ သပ်လျှိုဖြိုခွဲ အိုးမဲသုတ်၍ အချင်းချင်း တိုက်ခိုက်စေကြောင်း တွေ့ရှိရပေသည်။

ထိုနည်းတူ နအဖစစ်အုပ်စုသည် **KNU** အား နောက်ဆုံးလက်နက်ချလမ်းစဉ်ဖြစ်သော အပစ်ခတ်ရပ်စဲ ရေးအပေါ် နည်းမျိုးစုံ ဖိအားပေးသောလည်း **KNU** နှင့် ကရင်ပြည်သူလူထုသည် မိမိအမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပေါ် အခိုင်အမာရပ်တည်လျက်ရှိပေသည်။ ထိုသို့ရပ်တည်ခြင်း သည် ပြည်ထောင်စု တခုလုံးအပေါ် ဒီမိုကရေစီအရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက်ကိုပါ တဆက်တစပ်တည်း အကျိုးဖြစ်ထွန်းနေသည်ကို **UNLD (LA)** အနေဖြင့် လေးစားဂုဏ်ပြုကြောင်းနှင့် နအဖစစ်အုပ်စုမှ ဦးစီးဦးဆောင်၍ **DKBA** နှင့် သူးမူပဲ တို့ကို အသုံးချကာ **KNU** နှင့် ကရင်အမျိုးသားအား မတရားစစ်ဆင်နေခြင်းအပေါ် ပြင်းထန်စွာရှုပ်ချကြောင်း ထုတ်ပြန်လိုက် ပါသည်။

**UNLD (LA)**

၂၀၀၇ ခုနှစ် ဧပြီလ ၁၃ ရက်

For Media Contact #: 08 5252 5496